(မစ္စဝါက်) တံပူစားခြင်းသည် ခံတွင်းကို
သန့်ရှင်းစင်ကြယ်စေပြီး အလ္လာဟ်အရှင်မြတ်
‌ကျေနပ်နှစ်သက်မှုကိုရရှိစေသည်။
အာအိရှဟ်(ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ (မစ္စဝါက်) တံပူစားခြင်းသည်
ခံတွင်းကို သန့်ရှင်းစင်ကြယ်စေပြီး အလ္လာဟ်အရှင်မြတ်
‌ကျေနပ်နှစ်သက်မှုကိုရရှိစေသည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ကျွန်တော်တို့အား
မိန့်ကြားတော်မူခဲ့သည်မှာ အရာက်အပင်(သွားတိုက်တံလုပ်သည့်အပင်)၏ ကိုင်းနှင့်
၎င်းကဲ့သို့အလားတူအရာမျိုးဖြင့် သွားတိုက်ခြင်းသည် ခံတွင်းရှိအညစ်အကြေးများနှင့်
အနံ့ဆိုးများကို သန့်ရှင်းစင်ကြယ်စေသည်။ ထို့ပြင် ဤလုပ်ရပ်သည် လူသားအပေါ်
အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်စေသည့် အကြောင်းခံတစ်ရပ်လည်းဖြစ်သည်။
အဘယ့်ကြောင့်ဆိုသော် ထိုသို့သွားတိုက်ခြင်း၌ အလ္လာဟ်အရှင်မြတ်၏
အမိန့်တော်ကိုနာခံခြင်း၊ အရှင်မြတ်နှစ်သက်သည့်
သန့်ရှင်းစင်ကြယ်မှုရှိခြင်းတို့ကြောင့်ဖြစ်သည်။
https://sunnah.global/hadeeth/my/show/3588